# အထင်ကရ
# မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ

သန်းဝင်းလှိုင်

Famous Political Leaders
in BURMA
Than Win Hlaing

# အမှာ စာ

လွန်ခဲ့သော နှစ် ၃၀ ကျော်ကပင် မြန်မာ့သမိုင်းကို လေ့လာရာမှကျွန်တော်တွင် ဆန္ဒသုံးမျိုး ဖြစ်ခဲ့ပါသည်။ ဆန္ဒ သုံးမျိုး အနက် ပထမဆန္ဒမှာ မြန်မာ့သမိုင်း လေ့လာနေသော လူငယ်များ အတွက် မြန်မာ့သမိုင်းစဉ် ခေတ်အဆက်ဆက် ကာလများ အတွင် : ပေါ်ပေါက် ဖြစ်ပွားခဲ့သော အရေး ကြီးသည့် ဖြစ်ရပ် ဖြစ်စဉ် အ ဖြစ်အပျက်များ နှင့် အကြောင်းအရာများ ကို အလွယ်တကူ ရှာဖွေနိုင်ရန် မြန်မာ့ရက်စဉ်သမိုင်းကို ရေး သားပြုစုရန် ဖြစ်ပါသည်။ ကျွန်တော် သည် ''၂၀ ရာစုမြန်မာ့သမိုင်းကို ပြောပြနေသော နေ.ရက်များ ” (၁၉၀၀ မှ ၁၉၉၉ အထိ) ကို ရေး သားထုတ်ဝေပြီး ဖြစ်သော် လည်း ''၁၉ရာစုမြန်မာ့သမိုင်းကို ပြောပြနေသော နေ.ရက်များ ” (၁၈၀၀ မှ ၁၈၉၉အထိ) စာမူကို ပြုစုပြီးသော် လည်း ယနေ့တိုင် အကြောင်းအမျိုး မျိုး ကြောင့် မထုတ်ဝေနိုင်သေးပေ။ ဆက်လက်၍ ''၁၈ ရာစုမြန်မာ့သမိုင်းကို ပြောပြနေသော နေ.ရက်များ ” ကို ပြုစုရန် ကြိုး စားလျက် ရှိပါသည်။ ဒုတိယ ဆန္ဒမှာ အချိန်ရလျှင် မြန်မာ့သမိုင်း သုတေသီတို့အတွက်'အနှစ် ချုပ် မြန်မာ့သမိုင်းအဘိဓာန်'ကို ပြုစုရန် ဖြစ်ပါသည်။ 'အနှစ်ချုပ်မြန်မာ့သမိုင်း အဘိဓာန်' (ပထမတွဲ ၊ ဒုတိယတွဲ ) ကို ပညာရှေ့တောင်စာပေတိုက်မှ ၂၀၁၀ ပြည့်နှစ် ၊ ဇန်နဝါရီလတွင် ထုတ်ဝေနိုင်ခဲ့သော် လည်းစိတ်တိုင်းမကျသေးဘဲ ပိုမိုပြည့်စုံသော သမိုင်း အဘိဓာန်တစ်အုပ် ပြုစုရန်ကြိုး ပမ်းလျက် ရှိပါသည်။

တတိယ ဆန္ဒမှာ အချိန်ရလျှင် မြန်မာ့ လွတ်လပ်ရေး ကြိုး ပမ်းမှု သမိုင်း၌ တစ်ချိန်က ထင်ရှားခဲ့သော် လည်း ယခုအခါ အချို့လူငယ်များ သည်နာမည် ပင် မကြားသိတော့ဘဲ မေ့လျော့နေသော အမေ့ခံ နိုင်ငံရေး ခေါင်းဆောင်များ အများ အပြား ရှိနေပါသည်။ ယင်းပုဂ္ဂိုလ်တို့ကို လက်လှမ်းမီသရွေ့ လေ့လာတင်ပြရန် ဆန္ဒ ဖြစ်ပေါ်ခဲ့ပါသည်။ လူပုဂ္ဂိုလ်ဆိုင်ရာ သမိုင်းစာအုပ်များ ကို သမိုင်းသုတေသီ ပုဂ္ဂိုလ်အချို့ ရေး သား ထုတ်ဝေထားပြီး ဖြစ်သော် လည်း ကျန်ရှိနေသော ပုဂ္ဂိုလ်အချို့ နှင့် သမိုင်း အ ဖြစ်အပျက် ကွဲလွဲနေမှု များ ကို ထပ်မံ ရှာဖွေ တွေ့ ရှိခဲ့သော အချက်အလက်

ဖြစ်စဉ်အသစ်အထောက်အထားအသစ်များ ဖြင့် ဖြည့်စွက်၍ ''အထင်ကရ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များ ' စာအုပ်ကို ရေး သားပြုစုလိုက်ပါသည်။ ကျန်ရှိနေသော နိုင်ငံရေး ခေါင်းဆောင်များ ကိုလည်း ဆက်လက် ကြိုး ပမ်း ပြုစုသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ဤစာအုပ်သည် မိမိ၏ ယုံကြည်ချက်၊ခံယူချက် အမျိုး မျိုး အဖုံဖုံ ကွဲပြားစေကာမူ မြန်မာ့ လွတ်လပ်ရေး ကြိုး ပမ်းမှု သမိုင်း၌ ကိုယ်ကျိုး စွန့် အနစ်နာခံသည့် ပုဂ္ဂိုလ်များ ကို စိစစ်ရွေးချယ်ကာလက်လှမ်းမီသရွေ့ လေ့လာမိခဲ့သမျှ အချက်အလက်များ ဖြင့် ရေး သားပြုစုခဲ့ရာ လိုအပ်ချက်များ ချွတ်ယွင်းချက်များ ရှိမည် မှာ မလွဲ ဖြစ်ပါသည်။ပမာဒ လေ ခ ခေါ် မေ့မှာ : ရေး မိသော အရေး အသား အမှာ :အယွင်း အကျအပေါက်များ ရှိပါက ကျွန်တော် ၏ တာဝန်သာ ဖြစ်ပြီး အပြုသဘော ဝေဖန်ချက်များ ကို အစဉ်အမြဲ ကြိုဆိုလျက် မှာ :ယွင်းမှု များ ကို ထောက်ပြ ဝေဖန်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အားလုံးကို ကျေးဇူးတင်စွာ ဖြင့်

သန်းဝင်းလှိုင်

၂၀၁၂ ခုနှစ် ၊ စက်တင်ဘာလ ၂၁ ရက်၊ သော ကြာနေ့။

ခေတ္တ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ။

♥ ♥ ♥

# ဝါအရင့်ဆုံး နိုင်ငံရေး သမားကြီး ဘကြီးဘဘော

ဘကြီး ဘဘော (ခေါ်) ဦးဘဘောသည် ၁၉၀၆ ခုနှစ် တွင် ဝိဇ္ဇာဘွဲ့အောင်သည်မှစ၍ နိုင်ငံရေး စတင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ သူသည် ဝိုင်အမ်ဘီအေ အသင်း၊ သူရိယ သတင်းစာတို့ကို စတင်တည်ထောင်၍ ကိုလိုနီခေတ်တွင် လူထုအား နိုင်ငံရေး မျက်စိ ဖွင့်ပေးခဲ့သော ဝါရင့် နိုင်ငံရေး သမား ဖြစ်သည်။သူ၏ ဝါဒမှာ ဒီမိုကရေစီဝါဒ ဖြစ်သည်။ မဏ္ဍိမ ပဋိပဒါ လမ်းစဉ် ဖြစ်သည်။ဦးဘဘောသည် ပြည်သူ့ဝိုင်လုပ်သော စနစ်ကို မကြိုက်နှစ်သက် ပေ။ ပြည်သူ့ဝိုင်လုပ်ငန်းသည် ပြည်သူ့လက်မှ အလုပ်ကို အစိုးရက လုယူခြင်းသာ ဖြစ်သည်ဟုခံယူထားသည်။ ထိုနည်းတူစွာ သမဝါယမ စနစ်နှင့် ဖက်ဆစ်စနစ်မှာ လည်း လူထုကို ကောင်းကျိုး မပေးဘဲ လူတစ်စုသာ အကျိုး များ စေသည်ဟု ဆိုခဲ့သည်။ ထို့ပြင်လုပ်ခစား လုပ်ကိုင်သူတို့ ဝင်ငွေနှင့် ထွက်ငွေ မျှတအောင် ဖန်တီးမပေးနိုင်ပါကတစ်နေ့ တိုင်းပြည် အကျပ်တွေ့ မည် ဟု ကြိုတင် နိမိတ်ဖတ်ခဲ့သည်။

ဘကြီး ဘဘော (ခေါ်) ဦးဘဘောကို ၁၈၈၃ ခုနှစ် ၊ ဧပြီလ ၁၆ ရက်တနလာနေ့တွင် သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့ ၌ ဖွားမြင်ခဲ့သည်။ မိဘများ မှာ အဖ မြေပိုင်ရှင် ကုန်သည် ဦးအို၊ အမိ ဒေါ်မှင်တို့ ဖြစ်ပြီး အထွေးဆုံးသား ဖြစ်သည်။ ဖခင်မှာ ကြို့ပင်ကောက် မြို့နီစပယ်လူကြီးအ ဖြစ် ဆောင်ရွက်ခဲ့သည်။ငယ်စဉ်က ကြို့ပင်ကောက်မြို့ အာစီအမ် သာသနာပြုကျောင်း၊ ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်းနှင့် ရန်ကုန်ကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။အသက် ၁၉ နှစ် တွင် ဘင်္ဂလား အင်းထရင့် စာမေးပွဲကို စကောလားရှစ်ဖြင့်အောင်မြင်သည်။ ၁၉၀၄ ခုနှစ် တွင် ရန်ကုန်ကောလိပ် အက်ဖ်အေတန်း (ဒုတိယနှစ် ) ကို စကောလားရှစ်ဖြင့် အောင်မြင်၍ ၁၉၀၆ ခုနှစ် တွင် ဘီအေ (ဝိဇ္ဇာ) ဘွဲ့ရရှိခဲ့သည်။ ထို့နောက် ရန်ကုန်ကောလိပ်တွင် ဥပဒေပညာ ဆက်လက် သင်ယူသည်။

၁၉၀၄ ခုနှစ် ၊ ဇွန်လ ၂၅ ရက်နေ့တွင် ရန်ကုန်ကောလိပ်၌ ဗုဒ္ဓဘာသာအသင်း တည်ထောင်ရာတွင် ပါဝင်ခဲ့သည်။ ထိုမှတစ်ဖန် ၁၉၀၆ ခုနှစ် ၊ မေလ ၁၀ ရက်နေ့တွင်

ဦးဘဘေသည် သူငယ်ချင်းများ ဖြစ်ကြသော ကိုဘရင်(ဒေါက်တာဘရင်)၊ ကိုမောင်ကြီး(ဆာမောင်ကြီး) တို့နှင့် အတူ ဝိုင်အမ်ဘီအေ Y.M.B.A ခေါ် 'ဗုဒ္ဓဘာသာ ကလျာဏယုဝ' အသင်းကို စတင် တည်ထောင်ခဲ့သည်။ အသင်းကို စတင် တည်ထောင်စဉ်က ကိုမောင်ကြီး၏ နေအိမ် (အမှတ်၈၆၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့ နယ်၊ ရန်ကုန်) တွင် ကျောင်းသား ၂၀ ခန့်ဖြင့်စတင် ဖွဲ့စည်းခဲ့သည်။ ထိုအချိန်က ဝိုင်အမ်ဘီအေ တည်ထောင်ရခြင်းမှာ စွန့်စားခန်းကြီး တစ်ခုပင် ဖြစ်သည်။ ဝိုင်အမ်ဘီအေကို တည်ထောင်ခဲ့သော ကိုဘဘေ၊ ကိုမောင်ကြီး၊ ကိုဘရင်တို့ကို အာဏာပိုင်တို့က 'ထောင်စာလေးတွေ 'ဟု ပြောခဲ့ကြသည်။ ဦးဘဘေသည် ဝိုင်အမ်ဘီအေ အသင်းတွင် အသင်း၏ အကျိုး ဆောင်၊ ဒုတိယဥက္ကဋ္ဌ၊ အမှု ဆောင်လူကြီး စသည့် တာဝန်များ ကို ထမ်းရွက်ခဲ့သည်။

ထို့နောက် ၁၉၁၁ ခုနှစ် ၊ ဇူလိုင်လ ၄ ရက် အင်္ဂါနေ့တွင် ဦးဘဘေသည်ဦးလှဖေ (နောင် မြင်းခြံ ချည်မျှင်အထည်စက် တည်ထောင်သူ) နှင့် အတူ သူရိယသတင်းစာကို စတင် တည်ထောင်ခဲ့သည်။ ထိုစဉ်က ဦးဘဘေသည် ဆေးမင်းကြီး ရုံး၌ အလုပ်လုပ်နေစဉ် မျက်နှာဖြူများ နှင့် မသင့်တင့်၍ အလုပ်မှ ထွက်ခဲ့ပြီးနောက် သတင်းစာထုတ်ရန် စိတ်ကူးရှိခဲ့ရာ စိန့်ပေါလကျောင်းတွင် ကျောင်းဆရာအတူလုပ်ခဲ့ဖူးသော ဦးလှဖေနှင့် တွေ့ဆုံရာမှ သတင်းစာထုတ်ရန် အကြံရခဲ့သည်။ ထိုစဉ်က ဦးလှဖေသည် ဦးမေအောင်၏ The Burman အင်္ဂလိပ် သတင်းစာ၌ အယ်ဒီတာ လုပ်ခဲ့ဖူးသည့်အတွက် အတွေ့အကြုံရှိသူ ဖြစ်သည်။

သို့ရာတွင် နှစ် ဦးပေါင်းမှ ငွေ ၅၀ သာ ရှိသည်။ ထို့ကြောင့် ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်တွင် 'သူရိယ သတင်းစာ ထုတ်တော့မည် ။ ဘာသာရေး ၊နိုင်ငံရေး ပါ မကျန် မိမိတို့ သန်ရာကို ဖတ်ရတော့မည် 'ဟု ကြော်ငြာရိုက်နှိပ်၍ ခင်မင်ရာ မိတ်ဆွေများ ကို သတင်းစာဖိုး တစ်နှစ် စာအတွက် ၁၅ ကျပ်စီ ကောက်ခံရာ ငွေ ၅၀၀၀ ကျော် ရခဲ့သည်။ ထိုငွေဖြင့် သူရိယ သတင်းစာကို စတင်မွေးဖွားလိုက်လေသည်။ ဦးဘဘေသည် သူရိယ သတင်းစာ၏ အယ်ဒီတာအပြင်နတ်ကြီးသုံးပါး စကားပြောခန်းကို အပတ်စဉ် ရေး ၍ 'နတ်ကြီးဘဘေ' အ ဖြစ်ထင်ရှားခဲ့သည်။ ထိုမှတစ်ဖန် အင်္ဂလိပ်ဘာသာဖြင့် The Burma

Observerသတင်းစာကိုလည်း သူရိယ သတင်းစာတိုက်မှပင် ထုတ်ဝေခဲ့သည်။ သံတော်ဆင့်ဦးသိမ်းမောင်၊ ဟံသာဝတီ ဦးစိန်၊ ထွန်းနေ့စဉ် ဦးထွန်းဖေ၊ သမာဓိ အမ်ဘိုးချိန်၊ဦးဘသန်း (ယူပီအိုင်) နှင့် ဇဝန တို့သည် သူရိယတိုက်မှ မွေးထုတ်ပေးလိုက်သော သတင်းစာဆရာများပင် ဖြစ်ကြသည်။

၁၉၁၄ ခုနှစ် တွင် ဦးဘဘေသည် ဒေါ်ဖွားမျှင်နှင့် လက်ထပ်ထိမ်းမြားပြီး သားနှစ်ယောက် ထွန်းကားခဲ့သည်။

၁၉၁၇ ခုနှစ် ၊ သြဂုတ်လ ၂၀ ရက်နေ့တွင် ဗြိတိသျှအစိုးရ အိန္ဒိယ နိုင်ငံဆိုင်ရာ ဝန်ကြီးမွန်တေဂူ (Edwin Montagu ၁၈၇၉-၁၉၂၄)က ဗြိတိသျှ ပါလီမန်အောက်လွှတ်တော် ၌ မြန်မာပြည် အပါအဝင် အိန္ဒိယနိုင်ငံအား ဗြိတိသျှ အင်ပါယာအတွင် ;မှ တဖြည်းဖြည်း ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးမည် ဟု ကြေညာခဲ့သည်။ ထို့ကြောင့် မွန်တေဂူ၏ ပြုပြင်ပြောင်းလဲသော အုပ်ချုပ်ရေး စနစ်ကို စုံစမ်းရန်အတွက် ဝိုင်အမ်ဘီအေ အသင်းမှ ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဘဘေ၊ဦးဘဖေ၊ ဦးမေအောင်၊ ဦးစု တို့အား ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် ကလကတ္တားမြို့ သို့ စေလွှတ်ခဲ့သည်။ သို့ရာတွင် ၁၉၁၈ ဇွန်လတွင် မွန်တေဂူချမ်းစဖို့ဒ် စီမံကိန်းအရ အိန္ဒိယကို ဒိုင်အာခီ အုပ်ချုပ်ရေး ပေးသော အခါ မြန်မာကိုချန်ထားသည့် အစီရင်ခံစာ ထွက်ပေါ်လာသည်။ ယင်းနောက် ၁၉၁၇ ခုနှစ် ၊ဒီဇင်ဘာ ၁၈ တွင် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ ဒုတိယ ဘုရင်ခံအ ဖြစ် ဆာရယ်ဂျိုနယ်ကရက်ဒေါက်အား ခန့်အပ်ပြီးနောက် ၁၉၁၈ ခုနှစ် ၊ ဒီဇင်ဘာ ၁၇ရက်တွင် မြန်မာပြည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲ စီမံကိန်း (Craddock Scheme)ကို ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ဝိုင်အမ်ဘီအေ အသင်းချုပ်၌ အထူး အစည်းအဝေး ကျင်းပပြီး ကရက်ဒေါက်စီမံကိန်းကို တိုက်ဖျက်၍ မြန်မာပြည်သူတို့ လိုလားသော အုပ်ချုပ်ရေး တောင်းဆိုရန်အတွက် ဝိုင်အမ်ဘီအေ ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဘဘေ (သူရိယ)၊ ဦးပု (ဝတ်လုံတော် ရ-ရွှေကျင်)၊ ဦးထွန်းရှိန် (ကျောင်းအုပ်ကြီး၊ မန္တလေး) 'ဘော၊ ပု၊ ရှိန်' တို့ကို ရွေးချယ်၍ ၁၉၁၉ ခုနှစ် ၊ ဇူလိုင်လ ၇ရက်တွင် အင်္ဂလန်သို့ စေလွှတ်ခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှအစိုးရက ဖိတ်၍ သွားသော အဖွဲ့ မဟုတ်ဘဲ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် အရေး ဆိုရန် သွားသော အဖွဲ့ ဖြစ်၍ ပထမတွင် လက်ခံ တွေ့ဆုံမည့် သူပင် မရှိချေ။ထို့နောက် ဘေ၊ ပု၊ ရှိန် ကိုယ်စားလှယ်အဖွဲ့သည် ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်နေ့တွင် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မွန်တေဂူနှင့် တွေ့ဆုံခဲ့ရပြီး မြန်မာတို့ရေး ဆွေထားသော မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေး ပြုပြင်ရေး စီမံကိန်းကို ဗြိတိသျှအစိုးရထံ တင်ပြနိုင်ခဲ့သည်။ သို့သော် အိန္ဒိယပြည်နယ်ကြီးများ နှင့် တန်းတူထား၍ မြန်မာနိုင်ငံကို ဒိုင်အာခီ အုပ်ချုပ်ရေး တိုးပေးမည့် ကတိကို မရခဲ့ချေ။ ဗြိတိသျှအစိုးရ၏ နောက်ဆုံးအဖြေမှာ မြန်မာနိုင်ငံအတွက် သီးခြား စဉ်းစားပေးမည် ဟုသာ ဖြစ်သည်။ ဘေ၊ ပု၊ ရှိန် ကိုယ်စားလှယ်အဖွဲ့သည် မူလ ရည်ရွယ်ချက် ဖြစ်သော ဒိုင်အာခီ အုပ်ချုပ်ရေး တိုးပေးရေး ကိစ္စ မအောင်မြင်ခဲ့သော် လည်း ရွှေတိဂုံဘုရားကုန်းတော် အနောက်ဘက်ခြမ်းတွင် တပ်စွဲထားသော အင်္ဂလိပ်တပ်သားများ ရုပ်သိမ်းပေးရန် သဘောတူခဲ့မှု နှင့် ပထမ ကမ္ဘာစစ်အတွင်း၊ မြန်မာနိုင်ငံထွက် ဆန်များ ရောင်းရသည့် အမြတ်ငွေ ကျပ် ၉ ကုဋေကို အိန္ဒိယ အစိုးရထံမှပြန်လည် ရရှိခဲ့သည်။ ဘေ၊ ပု၊ ရှိန် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည်ကိုလိုနီခေတ် အဖိနှိပ်ခံဘဝ ကျရောက်နေသော မြန်မာ ပြည်သူလူထုအား နိုင်ငံရေး အသိတရား နိုးကြားစေရန် တပ်လှန့်နှိုးဆော်မှု ဖြစ်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့တွင် ဝိုင်အမ်ဘီအေ အသင်းနှင့် နိုင်ငံလုံးဆိုင်ရာ အသင်းအဖွဲ့များ ၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအား ဒိုင်အာခီ (ခေါ်)ပူးတွဲ တာဝန်ခံ အုပ်ချုပ်ရေး ရရှိအောင် တောင်းဆိုရန် ဦးဘဘေနှင့် အတူ ဦးပုနှင့် ဝတ်လုံတော် ရဦးသိမ်းမောင် (ဘေ၊ ပု၊ မောင်) ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကိုဒုတိယအကြိမ် အင်္ဂလန်သို့ စေလွှတ်ခဲ့ပြန်သည်။ ဘေ၊ ပု၊ မောင် ကိုယ်စားလှယ်အဖွဲ့သည် မစ္စတာမွန်တေဂူကို မြန်မာပြည်မှ ပေးပို့လိုက်သော စာတမ်းကိုတင်သွင်း၍ အိန္ဒိယနိုင်ငံထက် မနိမ့်ကျသော အဆင့်ဖြင့် မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရန် တင်ပြနိုင်ခဲ့သည်။ ဗြိတိသျှတို့က အိန္ဒိယနှင့် တန်းတူ အုပ်ချုပ်ရေး ပေးမည် ဟု ကတိပေးခဲ့သည်။

၁၉၂၂ ခုနှစ်၊ ဩဂုတ်လတွင် ဂျီစီဘီအေ အတွင်း၌ ဦးဘဘေ ဦးဆောင်သော

၂၁ ဦး ဂိုဏ်းသားတို့သည် ဒိုင်အာခီစနစ်ကို လက်မခံဟု ဆုံးဖြတ်ချက်ချခဲ့သော ဂျီစီဘီအေ အသင်းသားများ ၏ ဆန္ဒကို ဖီလာပြု၍ ဂျီစီဘီအေမှ ခွဲထွက်၍ သီးခြား ဂိုဏ်းထောင်ခဲ့သည်။ ထိုဂိုဏ်းသားများ ကို ဂျီစီဘီအေ အဖွဲ့သားများ က'ဒိုင်သမား' ဟူ၍ ရှုတ်ချကဲ့ရဲ့ ကြသည်။ ဦးဘဘောအဖွဲ့ကမူ ယင်းတို့အဖွဲ့အား၂၁ ဦးအဖွဲ့(ခေါ်) ပြည်သူ့ပြည်သား ပါတီဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးသည် ဦးဘဘော ဦးစီးသော ၂၁ ဦး ဂျီစီဘီအေနှင့် ဦးချစ်လှိုင်၊ သာယာဝတီ ဦးပု၊ ဦးထွန်းအောင်ကျော်တို့ ကြီးမှူး သည့် 'လှိုင်၊ ပု၊ ကျော်' ဂျီစီဘီအေ (ဝံသာန ဂျီစီဘီအေ) ဟူ၍ နှစ် ဂိုဏ်း ကွဲသွားလေသည်။ထို့နောက် ၁၉၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဒိုင်အာခီ ဥပဒေပြုကောင်စီ၏ ပထမဆုံး ရွေးကောက်ပွဲကို ကျင်းပရာ ဦးဘဘော၏ ပြည်သူ့ပြည်သားပါတီနှင့် ဆာဂျေအေ မောင်ကြီး (၁۹၇၂-၁۹၅၅) ၏ ပရိုဂရက်ဆစ် (Progressive)ခေါ် ရွှေတောင်ကြားပါတီက ဝင်ရောက် ယှဉ်ပြိုင်၍ ရာထူးယူခဲ့ကြသည်။၁۹၂၃ ခုနှစ် ၊ ဇန်နဝါရီ ၂ ရက်နေ့တွင် ဒိုင်အာခီ အုပ်ချုပ်ရေး စတင်ခဲ့သည်။ဦးဘဘော၏ ၂၁ ဦး အဖွဲ့သည် ဒိုင်အာခီ အုပ်ချုပ်ရေး ကို လက်ခံခြင်းမှာ နယ်ချဲ့အစိုးရကို လွှတ်တော် ၌ ပူးသတ်ရန်ဟု အကြောင်းပြခဲ့သည်။ သို့သော် လက်တွေ့တွင် မူ နယ်ချဲ့အစိုးရ ပေးခဲ့သော ငါးထောင်စားရာထူးကို လက်ခံ၍ နိုင်ငံအကျိုး ကိုထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ဟု ဝေဖန်ခံခဲ့ရသည်။

ထို့နောက် ၁۹၃၆ ခုနှစ် ၊ ဧပြီ ၃၀ မှ မေလ ၂ ရက်နေ့အထိ မန္တလေးမြို့ တွင် ညီညွတ်ရေး အစည်းအဝေး ကျင်းပရာ ဦးဘဘော ဦးစီးသည့် ပြည်သူ့ပြည်သား အဖွဲ့၊ အမ်အေ ဦးမောင်ကြီး ဦးစီးသည့် ခွဲခွာရေး အသင်းကို အမည် ပြောင်းထားသည့် မြန်မာပြည် လွတ်လပ်ရေး အဖွဲ့ (Free Burma)၊ ရေဦးဆရာတော် ကြီးမှူး သည့် ဗဟို ဂျီစီဘီအေ အဖွဲ့၊ ဦးဘစီ ဦးစီးသည့် သပိတ်မှော ဂ်ီဂျီစီဘီအေ အဖွဲ့၊ ဦးဘဦး ဦးစီးသည့် မန္တလေး ၂၁ ဦး အဖွဲ့တို့တွေ ့ဆုံဆွေးနွေး၍ အဖွဲ့ငါးဖွဲ့ကို စုပေါင်း၍ 'ညီညွတ်ရေး မူ ဂျီစီဘီအေ အဖွဲ့ချုပ်'ကို ဖွဲ့စည်းခဲ့သည်။ယင်းအဖွဲ့ကို နိုင်ငံရေး အဖွဲ့ငါးဖွဲ့ စုစည်းထားခြင်းကို ငါးပွင့်ဆိုင်အဖွဲ့(Five Flower Party) ဟု ခေါ်ခဲ့ကြသည်။ ငါးပွင့်ဆိုင်အဖွဲ့၏ အကြီးအမှူး အ ဖြစ် ရေဦး ဆရာတော် ဦးသြဘာသ၊ ဥက္ကဋ္ဌအ ဖြစ် မက္ခရာမင်းသားနှင့် ခင်လေးတို့၏ သားတော် အငယ်

ထိပ်တင်ဝ မင်းသားအား ရွေးချယ်တင်မြှောက်သည်။

၁၉၃၆ ခုနှစ် ၊ နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု အက်ဥပဒေ (၉၁ ဌာန အုပ်ချုပ်ရေး ) အရ ပထမဆုံးအကြိမ် အောက်လွှတ်တော် အမတ် ရွေးကောက်ပွဲ ကျင်းပရာ ရွေးကောက်ပွဲတွင် အောက်လွှတ်တော် အမတ် ၁၃၂ ဦး ရှိသည့်အနက် ငါးပွင့်ဆိုင်ပါတီမှ ၄၆ ဦး၊ ဒေါက်တာဘမော်၏ ဆင်းရဲသား ဝံသာနု (မားမ) ပါတီမှ ၁၆ ဦး၊ ဦးချစ်လှိုင် ဂျီစီဘီအေမှ ၁၂ ဦး၊ ကိုယဉ်မင်းကိုယဉ်ချင်း အဖွဲ့မှ ၃ ဦး၊ ဖေဘီယံ ပါတီမှ ၂ ဦး၊ သက်ပန်းဂျီစီဘီအေမှ တစ်ဦးနှင့် တစ်သီးပုဂ္ဂလ အမတ် ၁၇ ဦး အရွေးခံရသည်။ သို့သော် ငါးပွင့်ဆိုင်အဖွဲ့သည် ရွေးကောက်ပွဲတွင် အမတ်လောင်းများ လျှာထားစဉ်ကပင် ပါတီအတွင် ်းအားဖြင့် စိတ်ဝမ်းကွဲပြားနေကြရာ ၄၆ ဦးမျှအရွေးခံရသည့်အတွက် အားအကြီးဆုံး ပါတီအ ဖြစ် ဦးဘဘောအား ဦးဆောင်၍ အစိုးရအဖွဲ့ ဖွဲ့ရန် ဘုရင်ခံက အပ်နှင်းသည်။ ဦးဘဘောသည် ငါးပွင့်ဆိုင် ပါတီဝင်တို့နှင့် စေ့စပ်ပြီး ဝန်ကြီးရာထူးများ ရွေးချယ်၍ အစိုးရအဖွဲ့ကို ကြိုး စား ဖွဲ့သော်လည်း ညီညွတ်မှု ကိုမရဘဲ အစိုးရ မဖွဲ့နိုင်ချေ။

ဤသည်နှင့် ပတ်သက်၍ ဒေါက်တာဘဦးက သူ၏ My Burma (ကျွန်ုပ်၏ မြန်မာပြည်) စာအုပ်တွင် အောက်ပါအတိုင်း ရေး သားထားလေသည်။'ဦးဘဘော၏ ပါတီမှာ အကြီးဆုံးနှင့် အင်အားအတောင့်တင်းဆုံး ဖြစ်သည့်အားလျော်စွာ ဘုရင်ခံက ဦးဘဘောအား အစိုးရဖွဲ့ခိုင်း၏ ။ သို့သော် ဦးဘဘောပါတီထဲတွင် ဝန်ကြီးရာထူး ဝေခြမ်းမှ အပေါ် သဘောထား ကွဲကြသည်ဟုကောလာဟလ ကြားရပါသည်။ ကျွန်ုပ်သည် ဦးအေး (နောင် ဦးစော အစိုးရအဖွဲ့တွင် ပြည်ထဲရေး ဝန်ကြီး ဖြစ်လာသူ) အား အခေါ်လွှတ်ပြီး သူ၏ ခေါင်းဆောင် ဖြစ်သည့် ဦးဘဘောအား ပါတီ၏ ထိပ်ပိုင်းပုဂ္ဂိုလ်အချို့ ကို ဝန်ကြီးများ အ ဖြစ် ခန့်အပ်ပြီး ရခိုင်အမတ်တစ်ဦးအား ဝန်ကြီးတစ်နေရာ ပေးကာ အခြား ဝန်ကြီးတစ်နေရာကို ကရင်အမတ်များ အား ပေးခြင်းဖြင့် အစိုးရအဖွဲ့ကို မြန်နိုင်သမျှ မြန်မြန် ဖွဲ့စည်းရန် ပြောခိုင်းလိုက်၏ ။ 'တကယ်လို့ ဦးဘဘောက မကြာမီအတောအတွင် : အစိုးရ မဖွဲ့နိုင်ရင် ဘုရင်ခံက တခြားပါတီကို ဖွဲ့ခိုင်းလိမ့်မယ်။ဦးဘဘော အခုဖွဲ့ရင် ဥရောပလူမျိုး ၊ အိန္ဒိယလူမျိုး အမတ်တွေ ရဲ့ ထောက်ခံမှု ကိုရလိမ့်မယ်'ဟု ကျွန်ုပ်က ထပ်ပြောလိုက်ပါသည်။ ဦးအေးက

ကျွန်ပ်ပြောသည့်စကားကို ဦးဘဘောထံ သယ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ဦးဘဘော၏ တုံ့ပြန်မှု ကို ကျွန်ပ်အား ရက်ပိုင်းအတွင် : ပြန်လည် အသိပေးမည် ဖြစ်ကြောင်း ပြောသွားပါသည်။

ကျွန်ပ် ကြားဝင်လိုက်ရသည်မှာ ဦးဘဘော၏ နိုင်ငံရေး သမားဘဝကို စိတ်ဝင်စားသော ကြောင့် မဟုတ်။ တည်ငြိမ်သော အစိုးရ အဖွဲ့ကောင်းတစ်ခုကိုလိုချင်သော ကြောင့် ဖြစ်ပါသည်။ ဦးဘဘော ပါတီတွင် အကင်းပါးသော ၊ ဖြောင့်မတ်သော ၊ ပညာတတ် လူငယ်တချို့ ပါဝင်ပါသည်။

သီတင်းတစ်ပတ်ခန့် ကြာပြီးနောက် ဦးအေး ပြန်လာပြီး 'ဦးဘဘောရဲ့ အမြင်က အာဏာရှိနေတဲ့ ပါတီတွေ အနက် ဘယ်ပါတီကမျှတည်ငြိမ်တဲ့ အစိုးရအဖွဲ့တစ်ခုကို သူတို့ဘာသာ မဖွဲ့နိုင်ကြဘူး။ ဒါကြောင့် နောက်ထပ် ရွေးကောက်ပွဲတစ်ခု လုပ်ပေးရင် တိုင်းပြည် အကျိုး ရှိမယ်၊ ရွေးကောက်ပွဲအသစ် ကျင်းပလျှင် သူ့ပါတီ အနိုင်ရပြီး အခုထက် အင်အားတောင့်တင်းလာလိမ့်မယ်လို့ ဦးဘဘောကထင်နေပါတယ်' ဟူ၍ ပြောကြားသည်။

ကျွန်ပ် ဘာမျှ မပြောလိုက်တော့ပါ။ စိတ်ထဲတွင် ဦးဘဘောအား လက်တွေ့ မကျသော အရှည်အားဖြင့် မကြည့်တတ်သော နိုင်ငံရေး သမား တစ်ယောက် အ ဖြစ်သာ သတ်မှတ်လိုက်ပါတော့သည်။ တစ်ဆက်မှတည်းပင် ဦးဘဘောသည်ဘယ်သော အခါမှ မြန်မာပြည်တွင် ဝန်ကြီးချုပ် ဖြစ်မလာနိုင်ဟု ကျွန်ပ် သိလိုက်၏ ။ သူ၏ နည်းဗျူဟာ အမှား များ ကြောင့် ဦးဘဘောသည် ကိုယ့်ကိုယ်ကိုယ်နိုင်ငံရေး ဟာရာကီရီ လုပ်သည့်အ ဖြစ်သို့ ရောက်ရှိ သွားပါတော့သည် 'ဦးဘဘောသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိသော် လည်း ပါတီတွင် :ညီညွတ်မှု ကို မတည်ဆောက်နိုင်သော ကြောင့် အစိုးရ မဖွဲ့နိုင်ဘဲ ရှိရာ ဒေါက်တာဘမော်သည် ငါးပွင့်ဆိုင်ပါတီတွင် သဘောထား ကွဲပြားနေသော အမ်အေမောင်ကြီး၊ ဝတ်လုံ ဦးပု၊ ဒေါက်တာသိန်းမောင်၊ မိတ္ထီလာ ဦးဘရင်၊ မန္တလေးဦးဘဦး စသည်တို့နှင့် အိန္ဒိယ တိုင်းရင်းသားအမတ်များ ၊ ကရင်အမတ်များ ၊ဦးချစ်လှိုင်အဖွဲ့ ၊ တစ်သီးပုဂ္ဂလများ နှင့် ညှိနှိုင်း၍ အစိုးရ ဖွဲ့ရန် စည်းရုံးခဲ့ရာအမတ်ဦးရေ ၇၀ မျှပင် ရရှိသွားတော့သည်။ ထို့ကြောင့် ၁၉၃၇ ခုနှစ် ၊ မတ်လ ၂ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံ

ကော့ကရိန်းက ဒေါက်တာဘမော်အား တွေ့ ့ဆုံ၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးစာရင်းကို အမြန်တင်ပြခိုင်းသည်။ မတ်လ ၁၁ ရက်နေ့တွင် ဒေါက်တာဘမော် တင်ပြသော အစိုးရအဖွဲ့ဝင် အမည် စာရင်းကို ဘုရင်ခံကအတည်ပြုပြီးနောက် ထိုနှစ် မတ်လ ၁၂ ရက်နေ့တွင် မြန်မာအစိုးရအဖွဲ့ကို ၁၉၃၇ခုနှစ် ဧပြီ ၁ ရက်မှစ၍ တာဝန်ထမ်းဆောင်ရန် အတည်ပြုပေးလိုက် လေသည်။သို့သော် ၁၉၃၇ ခုနှစ် ၊ မတ်လ ၁၂ ရက်နေ့တွင် ဦးဘဘော ဦးဆောင်သော ငါးပွင့်ဆိုင်အဖွဲ့က ညွှန့်ပေါင်းအစိုးရ တစ်ဖွဲ့လုံးကို အယုံအကြည် မရှိအဆိုကိုတင်သွင်းရာ လွှတ်တော် ဥက္ကဋ္ဌ ဦးချစ်လှိုင်က ဝန်ကြီးအဖွဲ့သစ်ကို မတ်လ ၁၁ရက်နေ့တွင် ရွေးချယ်ခဲ့ပြီး ဖြစ်သော် လည်း ဧပြီ ၁ ရက်နေ့မှ တာဝန် ထမ်းဆောင်ကြရမည် သူများ ဖြစ်သော ကြောင့် ယခု တင်သွင်းသော အဆိုသည် ဘောင်လွတ်ပြီး အချိန်မကျသေးဟု အကြောင်းပြကာ အဆိုကို ပယ်ချလိုက်သည်။ထို့နောက် ဒေါက်တာဘမော် ဦးဆောင်သော ညွှန့်ပေါင်း အစိုးရသည်အစိုးရသက်တမ်း၌ ဒုတိယ ကျောင်းသားသပိတ်၊ ကုလား-ဗမာ အမိကရုဏ်း၊၁၃၀၀ ပြည့်နှစ် အရေး တော် ပုံ၊ ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသည့် ကျောင်းသားအရေး အခင်းများ နှင့် မန္တလေး အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရသည့် အရေး များ ကြောင့် ၁၉၃၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မျိုး ချစ်ပါတီခေါင်းဆောင်ဂဠုန်ဦးစော တင်သွင်းသည့် ညွှန့်ပေါင်း အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကိုရှုံးနိမ့်ပြီးနောက် ပြုတ်ကျသွားခဲ့သည်။ ဤသို့ ဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အတိုက်အခံပါတီ ခေါင်းဆောင် ရွှေကျင် ဦးပု ဦးဆောင်သော ညွှန့်ပေါင်းအစိုးရတက်လာရာ ဦးဘဘောသည် ဦးပု ညွှန့်ပေါင်းအစိုးရအဖွဲ့၌ ပြည်ထဲရေး ဝန်ကြီး ဖြစ်လာသည်။ သို့သော် ၁၉၄၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နန်းရင်းဝန်ဦးပုနှင့် အဆင်မပြေသဖြင့် ဦးဘဘော နုတ်ထွက်သွားခဲ့ရသည်။၁၉၄၀ ပြည့်နှစ် ၊ ဇန်နဝါရီ ၂၁ ရက်နေ့တွင် ငါးပွင့်ဆိုင် ညီညွှတ်ရေး အဖွဲ့ အစည်းအဝေးကို ကျင်းပ၍ ဦးပုအား အယုံအကြည် မရှိ၍ အဖွဲ့ခေါင်းဆောင်အ ဖြစ်မှ ဖယ်ရှားပြီး ဦးဘဘောအား ခေါင်းဆောင်အ ဖြစ် ပြန်လည် တင်မြှောက်ခဲ့သည်။

တစ်ဖန် ၁၉၄၀ ပြည့်နှစ် ၊ စက်တင်ဘာလ ၇ ရက်နေ့တွင် အောက်လွှတ်တော် အစည်းအဝေး၌ ဦးပု ကြီးမှူး သော ညွှန့်ပေါင်းအစိုးရ အဖွဲ့သည်အယုံအကြည်မရှိ အဆို

တင်သွင်းခံရပြီးနောက် ပြုတ်ကျသွားသဖြင့် ထိုနှစ် စက်တင်ဘာ ၉ ရက်နေ့ ဂဠုန်ဦးစော နန်းရင်းဝန်အ ဖြစ် ဦးဆောင်သော ညွှန့်ပေါင်းအစိုးရ တက်လာပြန်သည်။၁၉၄၁ ခုနှစ် ၊ မတ်လ ၁၉ ရက်နေ့တွင် အောက်လွှတ်တော် ၌ ဦးဘဘေသည် ဦးစော ဦးဆောင်သည့် အစိုးရအပေါ် အယုံအကြည် မရှိ အဆိုကို တင်သွင်းရာ ထောက်ခံမဲ ၄၇ မဲ၊ ကန့်ကွက်မဲ ၇၂ မဲ ရရှိသဖြင့် ဦးဘဘေ၏ အယုံအကြည်မရှိ အဆို ရှုံးနိမ့်သွားသည်။

ထို့ကြောင့် ဂဠုန်ဦးစောသည် ဦးဘဘေအား အငြိုး အတေး ထားကာ၁၉၄၁ ခုနှစ် တွင် နိုင်ငံတော် ကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၆ အရ ဖမ်းဆီး၍ သရက်အကျဉ်းထောင်၌ အကျဉ်းချခံခဲ့ရသည်။ ၁၉၄၂ ခုနှစ် တွင် သရက်ထောင်မှလွတ်မြောက်၍ ဂျပန်ခေတ်၌ 'ဗမာပြည် အုပ်ချုပ်ရေး ' ရေး ဆွဲရာတွင် ပါဝင်ခဲ့သည်။ထို့နောက် ကျန်းမာရေး ကို အကြောင်းပြု၍ ဂျပန်ခေတ် အုပ်ချုပ်ရေး မှ ရှောင်နေခဲ့သည်။

စစ်ကြီးပြီးနောက် ၁၉၄၅ ခုနှစ် ၊ ဇွန်လ ၂၁ ရက်နေ့တွင် မြန်မာပြည်အနာဂတ် အုပ်ချုပ်ရေး နှင့် ပတ်သက်သော 'ကင်ဘာလင်' ဆွေးနွေးပွဲသို့ အဖွဲ့ဝင်အ ဖြစ် လည်းကောင်း တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် တွင် ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်အ ဖြစ် တင်မြှောက်ခံရပြီး ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှ ၇ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ ကန်ဒီမြို့ ၌ ကျင်းပသည့် မြန်မာ့တပ်မတော် ဖွဲ့စည်းရေး နှင့် ပတ်သက်သည့် ကန်ဒီစာချုပ် ဆွေးနွေးပွဲ ကိုယ်စားလှယ် အဖွဲ့ဝင်အ ဖြစ်လည်းကောင်း၊ ၁၉၄၇ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရေး ၌ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်အ ဖြစ် လည်းကောင်း တက်ရောက်ခဲ့သည်။

၁၉၄၇ ခုနှစ် ၊ ဧပြီလ ၉ ရက်နေ့ ဖဆပလ အလုပ်အမှု ဆောင်အဖွဲ့ဝင်ကူးသန်းရောင် ၁ဝယ်ရေး ဝန်ကြီးအ ဖြစ် ရွေးချယ်ခံရသည်။ ထို့နောက် ၁၉၄၇ ခုနှစ် ၊မေလ ၈ ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ် အလုပ်အမှု ဆောင်အဖွဲ့ အစည်းအဝေးကျင်းပ၍ ဘုရင်ခံ၏ အမှု ဆောင်ကောင်စီ၏ ဖဆပလ အဖွဲ့ချုပ်မှ ကူးသန်းရောင် ၁ဝယ်ရေး ဝန်ကြီး ဦးဘဘေအား ဖဆပလ ဗဟိုဦးစီးအဖွဲ့မှ လည်းကောင်း၊ ဘုရင်ခံ၏ အမှု ဆောင်ကောင်စီမှ လည်းကောင်း ထုတ်ပယ်ခဲ့သည်။၁၉၅၁ ခုနှစ် တွင်

ဦးဘဘော၏ ဇနီး ဖြစ်သူ ဒေါ်ဖွားမျှင် ကွယ်လွန်ခဲ့သည်။ဇနီး ကွယ်လွန်ပြီးနောက် ဖဆပလ အစိုးရ အတိုက်အခံ နိုင်ငံရေး သမားအ ဖြစ်နိုင်ငံရေး ဆောင်းပါးများ ကို စာနယ်ဇင်းများ ၌ ရေး သားခဲ့သည်။

၁၉၅၄ ခုနှစ် ၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဦးဘဘောသည် နိုင်ငံတော် သစ္စာဖောက်ဖျက်မှု ဖြင့် အင်းစိန်ထောင်၌ အကျဉ်းချ ခံရသည်။ ဖဆပလအစိုးရအဖွဲ့ကို ဖြုတ်ချ၍ စစ်တပ်မှအာဏာသိမ်းရန် အကြံပေးသည်ဟုအသံဖမ်းယူ စွဲဆိုသော အမှု ဖြစ်သည်။ အင်းစိန်ထောင်တွင် ၃ နှစ် ၊ ၉ လ၊ ၂၇ရက် အကျဉ်းကျခံရပြီးနောက် ဦးနု၏ ဖဆပလ အစိုးရ လက်ထက် ၁၉၅၈ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်နေ့တွင် နိုင်ငံတော် အစိုးရက အမှု ကိုရုပ်သိမ်းပေး၍ ပြန်လည် လွတ်မြောက်ခဲ့သည်။ ယင်းနောက် ၁၉၆၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲတွင် အမျိုး သားပေါင်းစုံ မဟာမိတ် (တတိယအုပ်စု)ကို ကိုယ်စားပြု၍ အလယ်ပိုင်းမဲဆန္ဒနယ်မှ ဝင်ရောက် အရွေးခံခဲ့သည်။

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလတွင် အမျိုး သားနေ့ ရွှေရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ နာယကအ ဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဘဘောသည် ၁၉၄၆ခုနှစ် တွင် ဟံသာဝတီ သတင်းစာ၌ ရေး သားခဲ့သော ဆောင်းပါးများ ကို စုစည်း၍ ဟံသာဝတီ စာအုပ်တိုက်မှ ခေါင်းဆောင်ကြီး ဦးဘဘော၏ 'နိုင်ငံရေး ရာအဖြာဖြာ' စာအုပ် နှစ် တွဲ ကို ထုတ်ဝေခဲ့သည်။

ဝါရင့် နိုင်ငံရေး သမားကြီး ဦးဘဘောသည် ၁၉၇၁ ခုနှစ် ၊ ဇန်နဝါရီလ ၈ရက်၊ စနေနေ့ မွန်းလွဲ ၂း၂၀ နာရီတွင် ရန်ကုန်မြို့ လူအိုရုံလမ်း၊ အိမ်အမှတ် ၉၁၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ အမွေခံ သားသမီး မကျန်ရစ်ခဲ့ချေ။

♥ ♥ ♥

# ဝံသာနု ခေါင်းဆောင်ကြီး ဦးထွန်းရှိန်

၁၉၁၉ ခုနှစ် တွင် ပထမ အကြိမ်အင်္ဂလန်သွား မြန်မာ ကိုယ်စားလှယ် (ဖေ၊ပု၊ ရှိန်) အဖွဲ့ဝင် ဦးထွန်းရှိန်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်း၌ ထင်ရှားခဲ့သော ဝံသာနု ခေါင်းဆောင်ကြီး ဖြစ်သည်။'ဖေ' နှင့် 'ပု' မှာ ဦးဘဘေနှင့် ဦးပုတို့ ဖြစ်ပြီး'ရှိန်' ကား ဦးထွန်းရှိန်ပင် ဖြစ်သည်။ဦးထွန်းရှိန်ကို မြန်မာသက္ကရာဇ် ၁၂၅၂ခုနှစ် ၊ ပြာသိုလဆန်း ၄ ရက်နေ့တွင် ပုသိမ်မြို့ ၌ အဖ ဦးမောင်ကြီး၊ အမိ ဒေါ်ခင်တို့မှဖွားမြင်ခဲ့သည်။ ဦးထွန်းရှိန်၏ အဘိုး (ဖခင်၏ အဖေ) မှာ ရှေးမြန်မာမင်း လက်ထက်က'နေမျိုး သီရိ ဇေယျနော်ရထာ' ဘွဲ့ရ မြို့စာရေး တော် ကြီး ဦးရွှေ ဆိုသူ ဖြစ်သည်။ဦးထွန်းရှိန်သည် မွေးချင်း ၇ ယောက် အနက်စတုတ္ထမြောက်သား ဖြစ်သည်။ ငယ်မည် မှာ မောင်တာရဲ ဖြစ်သည်။ မောင်ထွန်းရှိန် ငယ်စဉ်က မိဘများ သည် ငသိုင်းချောင်းမြို့ သို့ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။ ဦးထွန်းရှိန်အသက် ၇ နှစ် သား အရွယ်တွင် ငသိုင်းချောင်းမြို့ ၌ အဖ ဦးမောင်ကြီး ကွယ်လွန်ခဲ့သည်။ ထိုအခါ မိခင် ဖြစ်သူသည် သားသမီးများ နှင့် အတူ ဇာတိ ပုသိမ်မြို့ သို့ ပြန်လည် ပြောင်းရွှေ့ နေထိုင်သည်။ ဦးထွန်းရှိန်သည် ပုသိမ်မြို့ အစိုးရ အထက်တန်းကျောင်း၌ ပညာ ဆက်လက် သင်ယူခဲ့ရဝံသာနု ခေါင်းဆောင်ကြီး ဦးထွန်းရှိန်သည်။ ဦးထွန်းရှိန်သည် ယင်းကျောင်းမှ သတ္တမတန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်၍ ပညာသင်ဆု ချီးမြှင့်ခံရသည်။ ထို့နောက် အဋ္ဌမတန်းနှင့် နဝမတန်းတို့ကို တစ်နှစ် တည်းဖြင့် ဖြေဆို အောင်မြင်ခဲ့သည်။

အသက် ၁၇ နှစ် အရွယ်၌ ဦးထွန်းရှိန်သည် ရန်ကုန်ကောလိပ်တွင် ဆက်လက် ပညာသင်ကြားခဲ့ရာ အသက် ၂၁ နှစ် အရွယ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့လေသည်။ ဦးထွန်းရှိန်ကောလိပ်၌ ပညာသင်နေစဉ် ရန်ကုန်မြို့ အပျော်တမ်း လက်နက်ကိုင်စစ်တပ်သို့ ဝင်ရောက်ခဲ့သည်။ ဦးထွန်းရှိန် အမှု ထမ်းခဲ့သော တပ်စုမှာ ဂျီတပ်စု ဖြစ်၍ ဥရောပတိုက်သားများ သာ ဝင်ခွင့်ရ၏ ။ ထို့ကြောင့် ဦးထွန်းရှိန်သည်တီအိုရှိန်း (T.O'Shane) ဟူသော ဥရောပတိုက်သား အမည် ကို ခံယူ၍ ဝင်ခဲ့ရလေသည်။

ကောလိပ်၌ စာသင်နေစဉ်အတွင် ၊၌ ပင် ဦးထွန်းရှိန်သည် အားကစားလိုက်စားခဲ့သည်။ ပြေး၊ ခုန်၊ ပစ်နှင့် လက်ဝှေ့ထိုးခြင်း၌ ထူးချွန်သည်။ ဝိဇ္ဇာတန်းနောက်ဆုံးနှစ် တွင် ဦးထွန်းရှိန်သည် နိုင်ငံရေး စတင် လေ့လာလိုက်စားခဲ့သည်။ ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း၌ လည်း ဦးထွန်းရှိန်သည် ဝံသာနုတရားများ ဟောပြောလေ့ရှိသဖြင့် လူသိ ထင်ရှားသည်။

ဘွဲ့ရပြီးနောက် ဦးထွန်းရှိန်သည် ရန်ကုန် အစိုးရအထက်တန်းကျောင်း၌ တစ်နှစ် ကျော်မျှ ကျောင်းဆရာ ဝင်လုပ်ခဲ့သည်။ ထို့နောက် မန္တလေး ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်း၌ ကျောင်းအုပ်ကြီးအ ဖြစ် ပြောင်းရွှေ့ အမှု ထမ်းသည်။မန္တလေးမြို့ ၌ နေထိုင်စဉ်အတွင် ; ဦးထွန်းရှိန်သည် ဗုဒ္ဓသာသနာ့ နုဂ္ဂဟကျောင်းကြီးကို တိုးတက်ကြီးပွားအောင် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင်ဝိုင်အမ်ဘီအေ အသင်းကြီး၏ အထွေထွေ အတွင် ;ရေး မှူး အ ဖြစ် လည်းကောင်း၊မန္တလေး ကျောင်းဆရာများ အသင်း၏ အထွေထွေ အတွင် ;ရေး မှူး အ ဖြစ် လည်းကောင်း၊ မြန်မာလူငယ်များ ပေါင်းသင်းဆက်ဆံရေး အသင်း၏ ဒုတိယ ဥက္ကဋ္ဌအ ဖြစ် လည်းကောင်း၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ ကျောင်းသားဟောင်း အသင်း၏ တည်ထောင်ကြည့်ရှုသူအ ဖြစ် လည်းကောင်း၊ မြန်မာပြည် လက်မှု ပညာအသင်း၏ အတွင် ;ရေး မှူး အ ဖြစ် လည်းကောင်း၊ သုစရိတယုဝအသင်း၏ အားပေးကြည့်ရှုသူအ ဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့လေသည်။

ဦးထွန်းရှိန်သည် ၁၉၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သံတော် ဆင့်မင်း ဦးဘိုးကြွယ်၊ ဒေါ်ခင်ခင်နှစ် တို့၏ သမီး ခင်ခင်ညွှန့်နှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီး ၄ ယောက် ထွန်းကားခဲ့သော် လည်း တစ်ဦးမျှ အဖတ်မတင်ခဲ့ပေ။ ထို့နောက် အိမ်ထောင်ရေး ပြိုကွဲသွားပြီးနောက် ၁၉၂၀ ပြည့်နှစ် ၊မေလ ၂၃ ရက်နေ့တွင် မြန်မာညွှန့် ကုမ္ဂဏီပိုင်ရှင် ဦးသန်း၊ ဒေါ်ပွင့်တို့၏ သမီးမသန်းညွှန့်နှင့် ဒုတိယအိမ်ထောင် ပြုခဲ့သည်။ ဒုတိယ ဇနီးနှင့် သားသမီး မထွန်းကားခဲ့ချေ။

၁၉၁၈ ခုနှစ် ၊ ဧပြီလ ၂၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှအတွင် ;ဝန် အက်ဒွင်အက်စ်မွန်တေဂူ (Edwin S.Montagu) နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ ဘုရင်ခံချုပ်

လော့ချမ်းစဖို့ဒ် (Lord Chelmsford) တို့နှစ် ဦး ရေး ဆွဲခဲ့သည့် မွန်တေဂူ-ချမ်းစဖို့ဒ် အစီရင်ခံစာ ထွက်လာသော အခါ မြန်မာနိုင်ငံအတွက်သီးခြား စဉ်းစားမည် ဟု အကြောင်းပြကာ ချန်ထားခဲ့သည်။ ထိုအစီရင်ခံစာအရ၁၉၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အိန္ဒိယ အက်ဥပဒေထုတ်ပြန်၍ အိန္ဒိယကို ဒိုင်အာခီ အုပ်ချုပ်ရေး ပေးသော အခါ မြန်မာကို ချန်ထားခဲ့သည်။

ထိုစဉ်အတွင် : မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်(Sir Reginald Craddock) က မြန်မာနိုင်ငံနှင့် သင့်တော် မည့် အုပ်ချုပ်ရေး မျိုး ဟု ဆိုကာ အုပ်ချုပ်ရေး စီမံကိန်းတစ်ခုကို ရေး ဆွဲ၍ ကြေညာခဲ့သည်။ ယင်း စီမံကိန်း ရေး ဆွဲသူကို အစွဲပြု၍ ကရက်ဒေါက် စီမံကိန်းဟု ခေါ်ကြသည်။ ယင်းစီမံကိန်းကို ၁၉၁၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကြေညာခဲ့သည်။ မြန်မာတို့၏ မကျေနပ်မှု ကို ကရက်ဒေါက် စီမံကိန်းဖြင့် နှစ်သိမ့်ရန် ကြိုး စားသော် လည်းကရက်ဒေါက် စီမံကိန်းမှာ အိန္ဒိယကိုပေးသော ဒိုင်အာခီ အုပ်ချုပ်ရေး ထက်ပင်ညံ့ဖျင်းသော ကြောင့် တစ်နိုင်ငံလုံး ဆူပူ ကန့်ကွက်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၁၉ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဝိုင်အမ်ဘီအေ အသင်းချုပ်အထူး အစည်းအဝေး ကျင်းပ၍ ကရက်ဒေါက် စီမံကိန်းကို တိုက်ဖျက်ကာ မြန်မာပြည်သူတို့ လိုလားသော အုပ်ချုပ်ရေး တောင်းဆိုရန်အတွက် အင်္ဂလန်သို့ ကိုယ်စားလှယ်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အင်္ဂလန်သွား ကိုယ်စားလှယ်များ အ ဖြစ် ဝိုင်အမ်ဘီအေမှ ဦးဘဖေ (သူရိယ) (၁၈၈၃-၁၉၇၁)၊ ဦးပု (ဝတ်လုံတော် ရ၊ ရွှေကျင်) (၁၈၈၁-၁၉၂၀)၊ ဦးထွန်းရှိန် (ကျောင်းအုပ်ဆရာကြီး၊ မန္တလေး)(၁၈၉၀-၁၉၂၀) တို့ကို ရွေးချယ်ခဲ့ကြသည်။ ယင်းတို့ သုံးဦးကို ဖေ၊ ပု၊ ရှိန်ဟုခေါ်ဝေါ်ခဲ့ကြသည်။

ယင်းနောက် ဖေ၊ ပု၊ ရှိန် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်သို့ ၁၉၁၉ ခုနှစ် ၊ ဇူလိုင်လ ၇ ရက်နေ့တွင် သင်္ဘောဖြင့် ထွက်ခွာခဲ့သည်။ ထိုအချိန်မှစ၍ ဖေ၊ ပု၊ ရှိန် ဟူသော အမည် လည်း မြန်မာ့နိုင်ငံရေး လောကတွင် ထင်ရှားခဲ့လေသည်။ ဆရာကြီး သခင်ကိုယ်တော် မှူ၊ ဦးက ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့အား 'ညြော် ... ပြေအမှ ပေမို့ ၊ ငွေခရင်ယိန်နှင့် ဇေယျတုပါကွဲ့ သပြေနုချိန်တင်ရန် ပန်းတွေ ကလဲ များ လိုက်ပါဘိသနှင့် ၊

ဖေ-ပု-ရှိန် အင်္ဂလန် နန်းမြေသွားတို့ကိုဖြင့် အားမြောက်ဘွယ် ကြီလွယ်ဖန်လွယ်နှင့် အန္တရာယ် ရန်စွယ်မောင်းပါလို့မြန်နယ်ကို ပြန်လွယ်ကြောင်းတွေ နှင့် ၊ ဆုတောင်းကာ ပတ္တနာဆင်တဲ့ပြင်' ဟူ၍ လေးချီး ကြီးဖြင့် ချီးမြှင့်ခဲ့လေသည်။

ဦးထွန်းရှိန် အင်္ဂလန်ပြည်၌ ရှိနေစဉ် ပညာမင်းကြီး မတ်ဟန်းတားကဦးထွန်းရှိန်အား 'နိုင်ငံရေး ကို စွန့်လျှင် စွန့်၊ မစွန့်လျှင် ကျောင်းဆရာကြီးအ ဖြစ်မှနုတ်ထွက်ရမည် ' ဟု ဆိုသဖြင့် ဦးထွန်းရှိန်သည် ကျောင်းအုပ်ဆရာအ ဖြစ်မှ နုတ်ထွက်ခဲ့သည်။

ဦးထွန်းရှိန်သည် ဇွဲလုံ့လ ကောင်း၏ ။ အလုပ်တစ်ခုကို ဖြစ်မြောက် ပြီးပြတ်အောင် လုပ်လိုသော သဘော ရှိသည်။ စကားပြောလည်း ကောင်း၏ ။ မည် သည့်အရာမဆို ပွင့်လင်း ရိုးသားစွာ ပြောတတ်သည်။ သူတစ်ပါး၏ အတင်းအဖျင်းတို့ကိုလည်း မပြော၊ နားလည်း ထောင်လေ့ မရှိချေ။ သဒ္ဓါတရား ထက်သန်၍ ပေါင်းသင်းဆက်ဆံရေး ဆုံသည်။ ရှေ့ဆောင်ရှေ့ရွက်ပြုကာ စီမံခန့်ခွဲနိုင်သော ခေါင်းဆောင် အရည်အသွေးလည်း ရှိသည်။

ဦးထွန်းရှိန် ပါဝင်သော ဖေ၊ ပု၊ ရှိန် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည်အင်္ဂလန်ပြည် လန်ဒန်မြို့ ၌ ၇ လမျှ ကြာခဲ့၏ ။ သွားရောက် ဆွေးနွေးခဲ့သော ကိစ္စများ မပြီးပြတ်သေးမီ တိုင်းပြည်၏ အကြံဉာဏ်များ ကို ရယူ ဆွေးနွေးရန်အတွက် ဖေ၊ ပု၊ ရှိန် အဖွဲ့သည် ၁၉၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပြန်လည်ရောက်ရှိလာရာ မြန်မာပြည်တစ်ဝန်းလုံးက ကြီးကျယ်ခမ်းနားစွာ ကြို ဆိုကြလေသည်။

အင်္ဂလန်မှ ပြန်လည် ရောက်ရှိလာသော အခါတွင် ဦးထွန်းရှိန်သည်ကျောင်းအုပ်မှ နုတ်ထွက်လိုက်၍ အလုပ်အကိုင်မရှိတော့သဖြင့် ဝိုင်အမ်ဘီအေအသင်းချုပ်ကြီးက တစ်လ ၃၀၀ ကျပ်ပေး ထောက်ပံ့ထားလေသည်။ ထို့နောက်ဦးထွန်းရှိန်သည် မြန်မာနိုင်ငံ တစ်ဝန်းသို့ လှည့်လည်၍ ဝံသာနုတရားများ ဟောပြောလေသည်။ ဦးထွန်းရှိန်၏ နောက်ဆုံး တရားပွဲကား ၁၉၂၀ ပြည့်နှစ် ၊မေလ ၂၂

ရက်နေ့တွင် ကညွှတ်ကွင်းခ် ဟောပြောခဲ့သော တရားပွဲ ဖြစ်သည်။မေလ ၂၃ ရက်နေ့တွင် ဦးထွန်းရိန် အပြင်းဖျားလေတော့သည်။ ဆူဇူကီးဆေးတိုက်သို့ တင်ပို့ကုသသော် လည်း သက်သာခြင်းမရှိဘဲ ၁၉၂၀ ပြည့်နှစ် ၊ ဇွန်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကွယ်လွန်သွားခဲ့လေသည်။ ကွယ်လွန်သွားချိန်၌ ဦးထွန်းရိန်သည် ၂၉ နှစ် ၊ ၅ လ၊ ၁၄ ရက် အရွယ်သာ ရှိသေးသည်။ အသုဘအခမ်းအနားကို ၁၉၂၀ ပြည့်နှစ် ၊ ဇွန်လ ၅ ရက်နေ့တွင် ဝိုင်အမ်ဘီအေ အသင်းကြီးက ကမကထပြု၍ ဆူးလေဘုရားလမ်း အမှတ် ၄၀ ရှိ ဝိုင်အမ်ဘီအေ အသင်းတိုက်မှ ကြီတောသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ခဲ့သည်။

ဦးထွန်းရိန်သည် အင်္ဂလိပ်အုပ်ချုပ်ရေး မှ ရုန်းကန်လျက်ရှိသော ထိုခေတ်ဝံသာနုအမျိုး သားအားလုံး၏ အားထားကြည်ညိုခြင်းကို ခံခဲ့ရသော နိုင်ငံရေး ခေါင်းဆောင်တစ်ဦး ဖြစ်ပေရာ ဦးထွန်းရိန်၏ စာပနတွင် ပို့ဆောင်ကြသော ပရိသတ်များ မှာ တစ်သိန်းခန့် ရှိသည်ဟု ဆို၏ ။ ဤမျှကြီးကျယ်စည်ကားသော စာပနမျိုး ကို ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် စာပနနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်များ ၏ စာပန နှစ် ခုသာ ရှိသည်။ထိုစဉ်က ဝိုင်အမ်ဘီအေ အသင်းမှ ဖြန့်ချိသော ဦးထွန်းရိန်၏ အသုဘဖိတ်ကြားစာတွင် 'ဘိလပ်ပြန် မြန်မာကိုယ်စားလှယ်ကြီး၊ အသက် ၂၉ နှစ် အရွယ်ရှိ ဦးထွန်းရိန်သည် အထက်မြန်မာပြည် မြို့ ရွာပေါင်း ၄၀ ကျော်တို့ကို လှည့်လည်ဟောပြော၍ တိုင်းကျိုး ပြည်ကျိုး သာသနာတော် ၏ အကျိုး ကို နေ့ရောညပါသယ်ပိုးဆောင်ရွက်ရာတွင် ပင်ပန်းလွန်းသဖြင့် သွေးလေချောက်ချား စိတ်ဖောက်ပြားလျက် အပန်း ရောဂါ ကပ်ရောက်လာသော ကြောင့် ' ဟု ဖော်ပြထားလေသည်။ဦးထွန်းရိန် ကွယ်လွန်ရာတွင် မြန်မာ့ဗျူဟာ ဂျာနယ်၌ ကာတွန်းဆရာရွှေတလေးက ဝမ်းနည်းကြောင်းပုံကိုရေး ၍ မစ္စတာမောင်မှိုင်း အမည် ခံ ဆရာကြီးသခင်ကိုယ်တော် မှိုင်းက လေးချီး ကြီး ရေး ၍ ဂုဏ်ပြု ခဲ့လေသည်။

♥ ♥ ♥

# ဂျီစီဘီအေ ခေါင်းဆောင် ဦးစ

ခုနှစ် ၊ နိုဝင်ဘာ ၅ ရက် အင်္ဂါနေ့တွင် အဖ ပရိကၠရာ ကုန်သည် ဦးကံ့ရ၊ အမိဒေါ်နုတို့မှ ပြည်မြို့ ၌ ဖွားမြင်ခဲ့သည်။

ပြည်မြို့ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ပညာသင်ကြားဆဲ ၁၉၂၂ ခုနှစ် အသက် ၂၁ နှစ် အရွယ်တွင် အင်္ဂလိပ် အစိုးရကို မလိုလားရာမှ အင်္ဂလိပ်စာကို မသင်ကြားတော့ဘဲ ဂျာမနီနိုင်ငံ၊ မြူး နစ်မြို့ သို့ ထွက်ခွာသွားခဲ့သည်။ ၆ နှစ် အကြာ ၁၉၂၇ ခုနှစ် နိုဝင်ဘာတွင် ဂျာမနီမှ ပြန်လာပြီးဆပ်ပြာချက် လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ၁၉၂၈ ခုနှစ် တွင် ဦးစိုးသိမ်း ဂျီစီဘီအေ၌ စက္ကရီတေရီအ ဖြစ် ဆောင်ရွက်ခဲ့လေသည်။

ထို့နောက် အလုပ်သမားများ အား နယ်ချဲ့ ဆန့်ကျင်ရေး စိတ်ဓာတ် ဖြစ်ပေါ်လာစေရန် လှုံ့ဆော် စည်းရုံးလို၍ သန်လျင် ဘီအိုစီတွင် ၃ နှစ် ကြာသည်အထိစာရေး ဝင်လုပ်ခဲ့သည်။ ထိုမှတစ်ဆင့် ဦးစိုးသိမ်း ဦးဆောင်သော ဂျီစီဘီအေအဖွဲ့ကြီးတွင် အကျိုး ဆောင် ဝင်လုပ်ခဲ့သည်။ ထိုစဉ်အတွင် ၊ အင်္ဂလိပ်နယ်ချဲ့အစိုးရက ပေးအပ်သည့် ဒိုင်အာခီ အုပ်ချုပ်ရေး စနစ်ကို ဂျီစီဘီအေ အသင်းချုပ်ကြီးတွင် လက်ခံသင့် မသင့် အပြင်းအထန် အငြင်းပွားရာမှ ဦးစိုးသိမ်း ခေါင်းဆောင်သော ဂျီစီဘီအေကို မနှစ် မြို့ သူများ ပေါ်ပေါက်လာခဲ့သည်။

ထို့နောက် တောင်ငူမြို့ တွင် ၁၉၂၉ ခုနှစ် မတ်လတွင် ကျင်းပသော ၁ကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်၌ ဦးစိုးသိမ်းကို မကြုံကုန်စသက် သူများ ကဦးစုကို ဂျီစီဘီအေ သမ္မတအ ဖြစ် တင်မြှောက်ခဲ့ကြသည်။ ထိုစဉ်က ဂျီစီဘီအေအသင်းချုပ်၏ ဥက္ကဋ္ဌကို သမ္မတဟူ၍ သုံးနှုန်းခဲ့ကြသည်။ ဦးစု ခေါင်းဆောင်သော ဂျီစီဘီအေကို 'သပိတ်မှောက် ဂျီစီဘီအေ'ဟု ခေါ်တွင် ခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဦးစုဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၇ ကြိမ်မြောက် ညီလာခံကို စဉ့်ကိုင်မြို့ သက်လွှတ်

စေတီအနီးတွင် ကျင်းပခဲ့သည်။ ယင်းနောက် ၁၉၃၁ ခုနှစ် တွင် ဦးစု ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၈ ကြိမ်မြောက် ညီလာခံကို မန္တလေးမြို့ တွင် လည်းကောင်း၊ ၁၉၃၂ ခုနှစ် ဧပြီလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ ဦးစု ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၉ ကြိမ်မြောက် ညီလာခံကို ရမည် ၊သင်းခရိုင် လယ်ဝေးမြို့ တွင် လည်းကောင်း ကျင်းပခဲ့သည်။

ထို့နောက် ၁၉၃၃ ခုနှစ် ၊ ဧပြီလ ၅ ရက်နေ့တွင် ဦးစုက ဂျီစီဘီအေ ဥက္ကဋ္ဌ၏ တာဝန်ကို မဆောင်ရွက်နိုင်တော့သဖြင့် ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်လိုကြောင်းဗဟို သံဃာ့အဖွဲ့ချုပ်ကြီး၏ အကျိုး တော် ဆောင်ချုပ် မိုးတားဆရာတော် ဦးပညာသာမိထံ အကြောင်းကြားခဲ့သည်။ ယင်းသို့ ဗဟို ဂျီစီဘီအေမှ ဦးစု ထွက်သွားသဖြင့် ဦးမြတ်သာထွန်းအား ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ ဦးစုသည် ၁၉၄၀ပြည့်နှစ် တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ရမည် ၊သင်းတောင်ပိုင်းမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ဂျပန်ခေတ်တွင် ဂျပန်စစ်ခုံရုံးက ဦးစုအား ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခဲ့သည်။

ယင်းနောက် ဦးစုသည် နိုင်ငံရေး မှ အနားယူပြီးနောက် ဝါးနက်ချောင်း၌ ခြံစိုက်ပျိုး ၍ အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ တစ်ဖက်မှလည်း နိုင်ငံရေး ဆိုင်ရာ ပညာပေးဆောင်းပါးများ ရေး သားခဲ့သည်။ ဦးစုသည် 'ဗုဒ္ဓဘာသာနှင့် ဆိုရှယ်လစ်ဝါဒ'၊ 'ကွန်မြူနစ်တို့၏ လောကနိဗ္ဗာန်'၊ 'နိုင်ငံရေး နှင့် ပိုက်ဆံ'၊ 'မြန်မာ့အရေး နှင့် ကမ္ဘာ့အရေး ' စသည့် စာအုပ်များ ရေး သား ထုတ်ဝေခဲ့သည်။ဦးစုအား ၁၉၈၀ ပြည့်နှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံနိုင်ငံတော် ကောင်စီက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ကို ချီးမြှင့်ခဲ့သည်။ဦးစုသည် သူနာပြုဆရာမ ကြီးတစ်ဦး ဖြစ်သော ဒေါ်ရင်မေနှင့် အိမ်ထောင်ပြု ခဲ့သည်။ သားသမီး မထွန်းကားခဲ့သဖြင့် ဇနီး ဖြစ်သူ ကွယ်လွန်ပြီးနောက် ၎င်း၏ တူ ဖြစ်သူနှင့် နေထိုင်ခဲ့သည်။

♥ ♥ ♥